မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910.
Email: blcsan@ksc.th.com, Website: www.blc-burma.org

# ရှေ့နေ ဦးတင်ထွန်းအောင် အား ရှေ့နေ အဖြစ်မှ ထုတ်ပယ်ပစ်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အပေါ် ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်

## ဖြစ်စဉ်အကျဉ်း

၂၀၁၁ ခုနှစ်၊ မတ်လက ကံမမြို့နယ်၊ စစ္စရုံရွာမှ လယ်သိမ်းခံရသော လယ်သမားတချို့ ရိုက်နှက်ဖမ်းဆီးခံရပြီး၊ ထောင်ဒဏ် ၉ နှစ်ကျော် ချမှတ်ခံခဲ့ရသည်။ ထိုလယ်သမားများအရေးကို ဦးတင်ထွန်းအောင် က ကူညီဆောင်ရွက်ပေးသောကြောင့် လယ်သမား ၅ ဦး ထောင်ဒဏ် ၃ လဖြင့် ပြန်လည်လွတ်မြောက်လာကြသည်။

မကွေးတိုင်းအတွင်း လယ်သမားများ လယ်သိမ်းခံရသော အနိုင်ကျင့်မှုများနှင့် ကြုံတွေ့နေရပြီး ကူညီသည့်ရှေ့နေ ဦးတင်ထွန်းအောင် သည် ဩဂုတ်လ ၅ ရက်နေ့က နေပြည်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှေ့နေအဖြစ်မှ ထုတ်ပယ်ပစ်ရန် ဆုံးဖြတ်ခံရသည်။ ရှေ့နေလိုင်စင်ရုပ်သိမ်းခြင်းကဲ့သို့ ပြစ်ဒဏ်ပေးခြင်းဖြစ်သည်။

“အကြောင်းပြတာက ကျနော်က လိုက်ပါဆောင်ရွက်တဲ့အမှုတွေမှာ အခြေအနေမကောင်းရင် အမှုသည်တွေက တိုင်စာပို့တဲ့အခါ ကျနော်က တိုင်စာတွေရေးပေးတယ်လို့ နာမည်ကြီးနေတယ်။ အမှုလိုက်တဲ့အခါ ကောင်းသတင်းကျော်ဇောတာ မဟုတ်ဘူး။ ရှေ့နေသိက္ခာနဲ့အညီ အမှုလိုက်တဲ့သူမဟုတ်ဘူးဆိုတာတွေကို စုံစမ်းမှု အစီရင်ခံစာအရ စိစစ်တွေ့ရလို့လို့ ရေးထားတယ်။” ဟု ဦးတင်ထွန်းအောင် က ပြောသည်။ (ဇာနည်အောင် ၂၄–၈–၂၀၁၁– အာအက်ဖ်အေ)

မြန်မာနိုင်ငံတွင် ရှေ့နေများ ထောင်ဒဏ်ချမှတ်ခံရသည့်အပြင် လိုင်စင်တွေပါရုတ်သိမ်းခံရသည့် တရားရုံးချုပ် ရှေ့နေ ၂၁ ဦးရှိသည်။

## ဥပဒေ ရေးရာသုံးသပ်ချက်

၁။ တရားရုံးချုပ်ရှေ့နေ တဦးဦးအား ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သည့်အတွက် ရှေ့နေလိုက်ခွင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းပြုလုပ်လိုပါက တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေ ပုဒ်မ – ၁၁ (၂) အရ သုံးဦးမှ ငါးဦး အထိပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးရမည်ဟု ပြဌာန်းထားပါသည်။

“အကြောင်းပြတာက ကျနော်က လိုက်ပါဆောင်ရွက်တဲ့အမှုတွေမှာ အခြေအနေမကောင်းရင် အမှုသည်တွေက တိုင်စာပို့တဲ့အခါ ကျနော်က တိုင်စာတွေရေးပေးတယ်လို့ နာမည်ကြီးနေတယ်။ အမှုလိုက်တဲ့အခါ ကောင်းသတင်းကျော်ဇောတာ မဟုတ်ဘူး၊ ရှေ့နေသိက္ခာနဲ့အညီ အမှုလိုက်တဲ့သူ မဟုတ်ဘူး ဆိုတာတွေကို စုံစမ်းမှု အစီရင်ခံစာအရ စိစစ်တွေ့ရလို့လို့ ရေးထားတယ်။” ဟု ဦးတင်ထွန်းအောင် က ပြောသည်။ (ဇာနည်အောင် ၂၄–၈–၂၀၁၁– အာအက်ဖ်အေ) အထောက်အထားကို ကြည့်ခြင်းအားဖြင့် စစ်ဆေးမှု တစုံတရာ ပြုလုပ်ထားခြင်းမရှိကြောင်း တွေ့ရပါသည်။

ထို့ကြောင့် ဥပဒေပါပြဌာန်းချက်အတိုင်း တစုံတရာစုံစမ်းစစ်ဆေးမှုမပြုလုပ်ဘဲ ဆုံးဖြတ်ချက်ချမှတ်ခြင်းကိုက တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ချိုးဖောက်ထားကြောင်း တွေ့ရှိရပါသည်။

The Burma Lawyers' Council is an independent organisation. It is neither aligned nor it is under the authority of any political organisation.
It has been formed by individual lawyers and legal academics, who have joined together of their free will to form this organisation.

၂။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နိုင်ငံတော်အခြေခံမူများ (အခန်း ၁) ပုဒ်မ ၁၉ – အောက်ပါတို့ကို တရားစီရင်ရေးဆိုင်ရာမူများအဖြစ် သတ်မှတ်သည် –

(က) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး။

(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး။

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေး။

– ဟုဖော်ပြထားပါသည်။

ဩဂုတ်လ ၅–ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အစည်းအဝေးတွင် ရှေ့နေအဖြစ် ထုတ်ပယ်ပစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ကြော်ငြာစာတွင်ဖော်ပြထားသည်ကိုသာ တွေ့ရပါသည်။ ခေါ်ယူစစ်ဆေး မေးမြန်းခြင်းမပြုသည့်အပြင် ဦးတင်ထွန်းအောင် ၏ မျက်ကွယ်တွင် စီရင်ချက်ချမှတ် အရေးယူထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

ပြည်ထောင်စု တရားသူကြီးများကိုယ်တိုင်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံဥပဒေ ပုဒ်မ ၁၉ (ခ) ကို ဖောက်ဖျက်ကျူးလွန်၍ တဖက်သတ် မျက်ကွယ်စီရင်ချက် ချမှတ်အရေးယူခြင်းဖြစ်သည်ကို တွေ့ရှိ ရပါသည်။

၃။ မြန်မာနိုင်ငံ ဘားကောင်စီဥပဒေကို တဖက်သတ်မျက်ကွယ်ပြုပြီး လက်ရှိဘားကောင်စီ၏ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများမှာ အစိုးရ ဥပဒေဝန်ထမ်း (အစိုးရရှေ့နေ) များသာဖြစ်နေသည်ကို နိုင်ငံတကာမှ တွေ့မြင်နေရပါသည်။ ပြည်သူများအတွက် အထူးသဖြင့် လယ်ယာမြေအသိမ်းခံနေရသော တောင်သူလယ်သမားများအကျိုးအတွက် ကူညီဆောင်ရွက်ပေးနေသူ အကျိုးဆောင်ရှေ့နေများကို အမှုလိုက်ပါဆောင်ရွက်ခြင်း မပြုနိုင်အောင် ယခုကဲ့သို့ အရေးယူခြင်းမှာ တောင်သူလယ်သမားများ၏ဘဝလုံခြုံမှုကို ဖောက်ဖျက်ကျူးလွန်လိုက်ခြင်းလည်းမည်ပေသည်။ အများပြည်သူ့ အကျိုးဆောင်ရှေ့နေများကို ကြားနာခွင့်မပေးဘဲ တဖက်သတ် အရေးယူဆုံးဖြတ်လိုက်ခြင်းမှာ တရားမျှတသည့်လုပ်ရပ်ကို ဆုံးဖြတ်ရမည့် တရားသူကြီးများအနေဖြင့် တရားဥပ ဒေစိုးမိုးရေး။ တရားမျှတစွာ တရားစီရင်ရေးမူများကို ကိုယ်ကိုယ်တိုင် ကျူးလွန်ရန် လုံးဝမသင့်တော်။ တရားစောင့်ထိန်းသင့်ပါပေသည်။

၄။ မြန်မာနိုင်ငံသည် နိုင်ငံတကာနယ်ပယ်တွင် ချုပ်ဆိုထားသည့် သဘောတူစာချုပ်များကို အထူးအလေးထား လိုက်နာရန်လိုအပ်ပါသည်။ ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည် ဘီဂျင်းမြို့၌ ကျင်းပပြုလုပ်သော အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ တရားရုံးချုပ် တရားသူကြီးများ၏ ခြောက်ကြိမ်မြောက်ကွန်ဖရင့်မှ "လွတ်လပ်သောတရားစီရင်မှုဆိုင်ရာ မူသဘောထားကြေညာချက်" တွင် မြန်မာနိုင်ငံမှ တရားသူကြီးချုပ်ကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးထားပါသည်။ အထက်ပါ မူသဘောထား ကြေညာချက်ကို မြန်မာနိုင်ငံ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကိုယ်တိုင် ယခု ဦးတင်ထွန်းအောင် ၏ အမှု၌ ပေါ်လွင်ထင်ရှားစွာ ချိုးဖောက်ကျူးလွန်ထားကြောင်း တွေ့ရှိရပါသည်။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံဥပဒေ ပုဒ်မ – ၄၄၅ အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်ဟုဖော်ပြထားသဖြင့် ၁၉၉၅ ခုနှစ်ကပင် ချုပ်ဆိုသဘော တူထားသည့် နိုင်ငံတကာသဘောတူစာချုပ်အပေါ်တွင် လုံးဝတာဝန်ယူဆက်ခံရပါမည်။ လုံးဝ ချိုးဖောက် ကျူးလွန်ခြင်း မပြုအပ်ပါ။

သို့ဖြစ်ပါသောကြောင့် မြန်မာနိုင်ငံအတွင်းရှိ အမြင့်ဆုံး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကိုယ်တိုင်က ရှေ့နေများ၏ အခွင့်အရေးများကို တဖက်သတ်ချိုးနှိမ်ကာ မတရားသည့် ဆုံးဖြတ်ချက်များ ချမှတ်နေသည့် အပေါ်တွင် ရှေ့နေ၊ ရှေ့ရပ် အကျိုးဆောင်များအားလုံးက အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များထံသို့ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် ဆောင်ရွက်သင့်ပါကြောင်း ဥပဒေရေးရာသဘောထား ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်။

**အသေးစိတ် သိလိုလျှင်–**

ဦးမျိုး
တာဝန်ခံ၊ ဥပဒေ ရေးရာသုံးသပ်ရေးအဖွဲ့
ဖုံး– ၀၈၉ ၂၁၉ ၀၁၀၈